# ဘိန်းအစား မွေးမြူရေး လုပ်ငန်း ဖေါ်ဆောင်သင့်

ဦးငြိမ်းချမ်း

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်း နေ့စဉ်တိုးတက်နေသော လူဦးရေ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် ပင်လယ်သမုဒ္ဒရာနှင့် ဆက်စပ်နေသော ရေချို၊ ရေငန်များမှ ရေပြင်သယံဇာတ ထုတ်လုပ်မှုကို များစွာမှီခို အားထားရလျှက်ရှိပါသည်။ ထိုသို့ လူသားများ အတွက် အဓိကကျသော ရေသယံဇာတမှရရှိသည့် စားနပ်ရိက္ခာကို သဘာဝမှဖမ်းဆီးထုတ်လုပ်ခြင်း တစ်ခုတည်းကိုသာ အမှီပြုနေရ မည့်အစား ရေတွင် မွေးမြူထုတ်လုပ်ခြင်း (Aquaculture) ကိုပါ အလေးထားဆောင်ရွက် တာကိုတွေ့ရှိပါသည်။ ကျယ်ဝန်းလှသော မြန်မာ့ပင်လယ်ပြင်ရှိ ကမ်းခြေဒေသ (Coastal)အတွင်း ငါးမျိုးစုံ ကျင်လည်ကျက်စားပြီး ပေါများစွာတည်ရှိနေသည့် ရေနေသတ္တဝါမျိုးစုံ စဉ်ဆက်မပြတ် ရပ်တည်နေနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရန် သေချာသောရေတွင် မွေးမြူရေး ( Mariculture ) ဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် ပြည်ပပို့ကုန် အမယ်သစ်ဖြစ်သော ပင်လယ်ရေမှော်သမာက တိရိစ္ဆာန်မွေးမြူရေး ကဏ္ဍအား တိုးချဲ့ဆောင် ရွက်ရန် လိုအပ်လျက် ရှိပါသည်။ ထိုကြောင့်  ကျေးလက်နေပြည်သူရဲ့ အဓိကစီးပွားရေးသည် စိုက်ပျိုး၊မွေးမြူးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုး၊မွေးမြူးရေး လုပ်ငန်းကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်ရင် ကျေးလက်ဒေသတွေမှာ ဝင်ငွေတွေ တိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု နှုန်းလဲကျဆင်းလာမှာဖြစ်ပါသည်။



တောင်ပေါ်ဒေသတွင် နေထိုင်သော  ချင်းပြည်နယ်မြောက်ပိုင်း ပေ ၉၀၀၀ ကျော်အမြင့် လေသာ တောင်ခြေသည် စိုက်ပျိုး ရေးမဖြစ် ထွန်းသည့်ဒေသဖြစ်သည်။ တနည်းအားဖြင့် စိုက်ပျိုးရေးသည်ထင်သလောက်မအောင်မြင်တာတွေ့ရှိပါသည်။ အများ အားဖြင့် သစ်မာ၊ငုဝါ၊မြက်ခင်းပြင်ကြီးများ အဓိကပေါက်ရောက်သည်။ ဆန်ရေစပါး မဖြစ်ထွန်းသော်လည်း ဘိန်း စိုက်ပျိုးရေးအတွက်မူ အထူးကောင်းမွန်သည်။

ထို့ကြောင့်လည်း ဒေသခံများသည် ဘိန်းစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြခြင်းဖြစ်သည်။ ဘိန်းကြောင့် ဒေသခံလူငယ်အများအပြား လူညွှန့်တုံးဘဝပျက်ခဲ့ကြသည်။ လူဆိုသည်မှာ သမုဒ္ဒရာဝမ်းတထွာအတွက်သာ အသက်ရှင်ကြသည် ဖြစ်ရာ စိုက်ပျိုးရေး မဖြစ်ထွန်းသော တွန်းဇံမြို့နယ် လေသာတောင်ခြေရှိ ဒေသခံပြည်သူများသည် ဘိန်းစိုက်ပျိုး ရေးဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြသည်မှာ မဆန်းလှပေ။

မေ ၅ ရက်က ပန်ဆန်းထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များအား ‘ဝ’ ဒေသ မိုင်းမောမြို့နယ်ရှိ အစားထိုးသီးနှံလက်ဖက်စိုက်ခင်းများနှင့်ဒေသဖွံ့ဖြိုးမှုများကို လိုက်လံပြသကြောင်း တွေ့ရပါသည်။ မွေးမြူရေးကဏ္ဍ၊လုပ်ငန်းမတွေ့ရပါ။

မြန်မာနိုင်ငံတွင် အဓိကဘိန်းစိုက်ပျိုးကြသည့် ပြည်နယ်များမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ဖြစ်ကြသည်။ လွန်ခဲ့ သည့် ၂၀၀၆ ခုနှစ်နောက်ပိုင်းကပြီး ချင်းပြည်နယ်အထက်ပိုင်းတွန်းဇံမြို့နယ်ဘိန်းစတင် စိုက်ပျိုးခဲ့ကြောင်းသိရှိရပါသည်။တွန်းဇံမြို့နယ်၊ ကျီခါးမြို့နယ်ခွဲသည် ချင်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုအများဆုံးဒေသဖြစ်ခဲ့ရာ အဆိုပါ ဘိန်းပပျောက်ရေးကို ချင်းပြည်နယ်အစိုးရ နှင့် လူငယ်အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများက  ဘိန်းပပျောက်ရေး အစီအစဉ်ရှိခဲ့သည်။

အလားတူ ချင်းပြည်နယ်အစိုးရနှင့်ငြိမ်းချမ်းရေးရယူထားသည့်ချင်းအမျိုးသားတပ်ဦးသည်လည်းအဆိုပါဒေသအတွင်း ဘိန်းခင်း ပပျောက်ရေးကို ဒေသအစိုးရနှင့် ပူးတွဲ အကောင် အထည်ဖော်ရန် ကြိုးပမ်းနေသည်။ “ဒေသခံတွေအနေနဲ့ ဘိန်းအစား မွေးမြူရေး ကဏ္ဍ၊ အခြားစိုက်ပျိုးသီးနှံများအစားထိုးသာမာက မွေးမြူးရေးလုပ်ငန်းကို ဦးစားပေးအနေဖြင့် မွေးသင့်ပါသည်။ နိုင်ငံတော်အစိုးရမှာ လည်း မွေးမြူရေးပိုင်းကို ပူးပေါင်းလုပ်ကိုင်ဖို့ လိုအပ်လာပြီ ဒေသခံ နှင့် ကိုက်ညီသော တိရစ္ဆာန်မျိုး ဝေဖြန့်ဖို့လိုအပ်ပါသည်။

တဖက်တွင် ဘိန်းအစားဒေသခံများ ဝမ်းရေးပြဿနာဖြေရှင်းမည့် အစီအစဉ်ကိုလည်း တပါတည်းချမှတ်လုပ်ဆောင်ပေးသင့်သည်။ ထို့ကြောင့် ပို့ကုန်များ ပြန်လည်တိုးတက်စေရန်အတွက် မွေးမြူရေးပိုင်းများကို ဦးစားပေးလုပ်ကိုင်ရမည့် ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ "မွေးမြူရေးပိုင်းတွေ အားနည်းနေပါသည်။ မွေးမြူထုတ်လုပ်သူတွေမရှိဘဲနဲ့ ပြည်ပကို ပို့ကုန်ပို့လို့မရနိုင်ပါ။ ဒေသဖွံ့ဖြိုးတိုးတက်အောင်လည်း လုပ်လို့မရနိုင်ပါ။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းကို ဦးစားပေးဖို့ လိုအပ်ပါသည်။ အိန္ဒိယ၊ တရုတ်မှာလည်း ဈေးကွက်တွေ အများကြီး ရှာထားနိုင်ပါသည်။ အဓိကကျဆုံးက မွေးမြူထုတ်လုပ်မှုပိုင်းကို တိုးမြှင့်ဖို့ လိုအပ်ပါသည်။

အထူးသဖြင့် စားမြုံ့ပြန်တိရိစ္ဆာန်များ အဓိကကျက်စားသည့် အကြောင်းရင်းကို ဆန်းစစ်ကြည့်သည့်အခါ တွန်းဇံမြို့တွင်သာမက တခြားမြို့နယ်တွင် တောရိုင်းတိရိစ္ဆာန်များက သောက်လေ့ရှိသည့် ကျက်ရေတွင်းကြီး ရှိနေသောကြောင့်ဖြစ်သည်။

အဆိုပါ ကျက်ရေတွင်းကြီးသည် ပေ ၃၀ ပတ်လည်ရှိပြီး ကျက်ရေအနက် တစ်တောင်လောက်ရှိကြောင်း၊ ကျက်ရေတွင်းအနီးတဝိုက်တွင် မြက်ခင်းပြင်ကြီးများ၊ သစ်မာ၊ ငုဝါ စသည့် အဖိုးတန် သစ်များလည်း ပေါက်ရောက်ကြောင်းပြောကြသည်။ အဆိုပါ ကျက်ရေတွင်းရှိသည့် နေရာတဝိုက်တွင် နွားနောက်၊ ဆိတ်၊ အသားစားနွားများမွေးလို့ရသည် စားကျက်မြက်ခင်းပြင်ကြီးရှိကြောင်းလည်းသိရသည်။ ချင်းပြည်နယ်တွင် ဒေသခံများအဆိုအရမူ ဘိန်းအစား တိရိစ္ဆာန်မွေးမြူရေးကို အကောင်အထည်ဖော်ပါက အဓိကဘိန်းစိုက်ပျိုးသော တွန်းဇံမြို့နယ်ဟာ တဖြည်းဖြည်းနဲ့ ပပျောက်သွားပြီး တိရိစ္ဆာန်မွေးမြူခြင်းအား လူမှုစီးပွါးဘဝတိုးတက်မှု ကိုလည်း ရရှိနိုင်မှာဖြစ်ပါသည်။

ချင်းပြည်နယ်အတွင်း ဆင်းရဲမွဲတေမှုကို လျော့ချရန် ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း ယင်းအစီအစဉ်အပေါ် ဒေသခံများလည်း အထူးဝမ်းမြောက် နေကြကြောင်းသိရှိရပါသည်။

သို့သော် ဒေသအတွင်း နေရာ၊ ဒေသ၊ ရာသီဥတု နှင့်ဆပ်စပ်သည့် စိုက်ပျိုးမွေးမြူးရေးစသည့် အသက်မွေးဝမ်းကျောင်းမှုများကို Strategy ရှိရှိ လေ့လာပြီး အကောင်အထည်ဖော်ပေးသင့်ပေသည်။ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရမည် ဆိုသော်လည်း ချင်းပြည်နယ်တွင် လက်ဖက်စိုက်ပျိုးမှု မအောင်မြင်ခဲ့သည်မှာ နည်းစနစ်၊ လေ့လာမှု အားနည်းချက်ကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ နှစ်ခုနှိုင်းယှဉ်ကြည့်ပါက တောင်သူလယ်သမား တပိုင်တနိုင် မွေးမြူရေး လုပ်ငန်းမှ ရရှိသောငွေသည် စိုက်ပျိုးရေးလုပ်ငန်းထက် ပမာဏပိုများနေပြီး ထောက်ပံ့ပေးမှုအပိုင်းမှာ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုထောက်ပံ့ ပေးသည်ကို တွေ့မြင်နေရကြောင်း မွေးမြူရေးလုပ်ငန်းအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင်ပေးသော ထောက်ပံ့မှုမျိုး တစ်ဝက်သာပေးမည်ဆိုပါက ချင်းပြည်နယ်တွင် သာမက တခြားဒေသမှာလည်း မွေးမြူရေးကဏ္ဍကို တိုးချဲ့မည်ဆိုက တိုင်းပြည်ဝင်ငွေ ပိုရနိုင်မည်ဖြစ်ကြောင်း သိရှိပါသည်။

ထို့ကြောင့် တွန်းဇံမြို့နယ်အတွင်း ဘိန်းပပျောက်ရေးကို အကောင်အထည်ဖော်မည်ဆိုပါက ဒေသခံများအတွက် ထာဝရတည်တံ့မည့် အသက်မွေးဝမ်းကျောင်းမှုကို တပါတည်းလုပ်ဆောင်ပေးရမည် ဖြစ်ရာထိုသို့ အကောင်အထည်ဖော်ရာတွင် တိရိစ္ဆာန်မွေးမြူရေး အထူးသဖြင့်နွားနောက်၊ ဆိတ် အသားစားနွား မွေးမြူရေးသည်သာ ဒေသခံများအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း သုံးသပ်ရေးသားပါသည်။